## အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေးနေ့

## ၂၀၂၀ခုနှစ်၊ ဇွန်လ၊ ၂၆ရက်နေ့

### *တရားမျှတမှုရရှိရေး၊ ပြစ်ဒဏ်ပေးခြင်း ကင်းလွတ်ခွင့်ရ ဓလေ့အား ရပ်တန့်ပေး*

ယနေ့ ၂၀၂၀ ခုနှစ် ဇွန်လ ၂၆ရက် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေးနေ့အား အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)၊ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma)၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ ဝိမုတ္တိအမျိုးသမီးအဖွဲ့ (VWO) နှင့် အာရှတရားမျှတမှုနှင့်လူ့အခွင့်အရေးဆိုင်ရာအဖွဲ့ (AJAR)တို့မှ ပူးပေါင်းပြီး ညှဉ်းပန်းနှိပ်စက်မှုများကို အဆုံးသတ်ရန်နှင့် အသက်ရှင်လွတ်မြောက်လာသူများ အားလုံးအတွက် လွှမ်းခြုံနိုင်သော ပြန်လည်အစားထိုးကုစားခြင်းလုပ်ငန်းစဉ်များနှင့် တရားမျှတမှု လုပ်ငန်းစဉ်များ ဖော်ဆောင်ရန် သက်ဆိုင်သူအားလုံးအား တိုက်တွန်းလိုက်ပါသည်။

ယခုအခါ Corona Virus, Covid-19 ကမ္ဘာ့ကပ်ရောဂါ ဆိုက်ရောက်မှုကြောင့် အခမ်းအနားများ၊ လှုပ်ရှားမှုများ ပြုလုပ်ရန် အခက်အခဲများစွာရှိသဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျှက်ရှိသော ညှဉ်းပန်းနှိပ်စက်မှု ခံရမှုများနှင့် ပတ်သက်၍ ***“တရားမျှတမှုရရှိရေး၊ ပြစ်ဒဏ်ပေးခြင်း ကင်းလွတ်ခွင့်ရ ဓလေ့အား ရပ်တန့်ပေး”*** ခေါင်းစဉ်ဖြင့် သရုပ်ဖော်တင်ဆက်မှု (Animation) တခုကို ပြုလုပ် ဖော်ဆောင်ခဲ့ပါသည်။ သရုပ်ဖော်တင်ဆက်မှုကို https://youtu.be/AqDow_MqNxA နှင့် https://youtu.be/nQRUUuFKOrs ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်း ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါဖြစ်ပွားမှုကို တခြားနိုင်ငံနည်းတူ မြန်မာပြည်သူပြည်သားများ ခံစားကြရပြီး ထိုကပ်ရောဂါ မပြန့်ပွားစေရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကာကွယ်တားဆီးတိုက်ဖျက်နေကြသည့်အတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ စစ်ပွဲများ ရပ်တန့်ကြပါရန် တိုက်တွန်းလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့တပ်မတော်မှ အပစ်အခတ် ရပ်စဲကြောင်းကြေညာသော်လည်း တစ်နိုင်ငံလုံးအသွင်မဆောင်ဘဲ ရခိုင်ဒေသအပါအဝင် တိုင်းရင်းသား အနှံ့အပြားတွင် တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး အရပ်သားများကို မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခြင်းများ

ရှိခဲ့သည်။ မကြာသေးမီက ဆိုရှယ်မီဒီယာများမှ ဖော်ထုတ်တွေ့ရှိခဲ့သည့်ဖြစ်ရပ်တစ်ခုတွင် မြန်မာ့တပ်မတော်သည် ၎င်းတို့၏တပ်များမှ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ကြောင်း ဝန်ခံခဲ့သည်။

ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုလည်း ညှဉ်းပန်းနှိပ်စက်မှုပုံစံတစ်မျိုးဖြင့် ကျူးလွန်မှုများရှိနေဆဲဖြစ်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုများကို ထိန်းသိမ်းရေးစခန်းများနှင့် စစ်ကြောရေးများတွင် အသုံးပြုလျက်ရှိပြီး သတင်းအချက်ရရှိရန်နှင့် အတင်းအကြပ်ဝန်ခံထွက်ဆိုစေရန် အသုံးပြုသည်ကို မကြာခဏတွေ့ရှိရဆဲ ဖြစ်ပါသည်။ ထိုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်သည့် ကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းနှင့် ထပ်မံမဖြစ်ပွားစေရန် တားဆီးကာကွယ်ရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ သို့သော် ထိုပြစ်မှုများကျူးလွန်သူများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှု အစဉ်အလာ ဆက်လက်ဖြစ်ပေါ်နေပြီး လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ဆက်လက်ပေးနေဆဲဖြစ်သည်။ ကျူးလွန်သူများမှာ လွတ်မြောက်နေဆဲဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုကို ဆန့်ကျင်သည့်ရာဇဝတ်မှု ကျူးလွန်ကြောင်း စွဲဆိုချက်ဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် နိုင်ငံတကာစစ်ခုံရုံးတွင် တိုင်ကြားမှု ခံထားရသော်လည်း နစ်နာသူများအတွက် တရားမျှတမှုရှိစေရန် စစ်ရာဇဝတ်မှုကျူးလွန်သူများအား ကင်းလွတ်ခွင့်ပေးနေပြီး အပြစ်ပေးအရေးယူခြင်းမရှိသေးပေ။

မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူများ၏ အခွင့်အရေးကာကွယ်ရန်နှင့် ၎င်းတို့အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် သင့်လျော်သော ကုစားမှု အကူအညီများပေးရန် တာဝန်ရှိသည်။ ကုစားမှုများအပြင် ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူများအတွက် အရေးပေါ်ကြားကာလထောက်ပံ့မှုများ၊ မှားယွင်းစွာကျူးလွန်ခံခဲ့ရမှုများအတွက် ၎င်းတို့အား အသိအမှတ်ပြုခြင်းနှင့် ညှဉ်းပန်းနှိပ်စပ်မှုများ ထပ်မံမဖြစ်ပွားရန်အတွက် အကာအကွယ်များပေးရမည်။ ထိုသို့လုပ်ဆောင်ရန်အတွက်

**နိုင်ငံတော် အစိုးရအား**

- တိုင်ရင်းသားဒေသများတွင် တိုးချဲ့ထားသော တပ်မတော်၏ တပ်ရင်းများကို ရုပ်သိမ်းရန်နှင့် လက်နက်ကိုင် ပဋိပက္ခများကို ရပ်တန့်ရန်။
- အရပ်သားပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများကို အစိုးရမှ ထိရောက်စွာ အပြစ်ပေးအရေးယူ ဆောင်ရွက်ပေးရန်။
- နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရန်နှင့် တက်ကြွလှုပ်ရှားသူများကို ထပ်မံဖမ်းဆီးခြင်းများ မပြုလုပ်ရန်။

- ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကုလသမဂ္ဂစာချုပ် (UNCAT) အား လက်မှတ်ရေးထိုး အတည်ပြုရန်နှင့် ဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်ရန်။
- မြန်မာနိုင်ငံအတွင်း ညှဉ်းပန်းနှိပ်စက်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းရန် အတွက် မကြာသေးမီက တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှု ယန္တရားများ နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူများနှင့် အခြားနည်းဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ အတွက်အစိုးရအနေဖြင့် ပြန်လည်ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို ရေးဆွဲ အကောင်အထည်ဖော်ရန်။
- အသွင်ကူးပြောင်းရေးကာလတရားမျှတမှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူအမျိုးသမီးနှင့် ကလေး သူငယ်များအပါအဝင် အခြားနည်းပေါင်းစုံဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အမှန်တရားနှင့် တရားမျှတမှုရရှိစေရေးအတွက် အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် မိမိတို့မှ တောင်းဆိုလိုက်သည်။

**ဆက်သွယ်ရန်**

လွေးပိုးငယ်- ၀၉၇၈၁၃၂၉၇၄၂-WLB

ကိုအောင်ဇော်ဦး-၀၉၄၂၁၀၃၉၄၉၃-ND-Burma

ကိုအောင်မျိုးကျော်-၀၉၄၂၈၁၁၇၃၄၈- AAPP

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)** www.womenofburma.org

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် မြန်မာနိုင်ငံမှ နောက်ခံသမိုင်းကြောင်း မတူကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း (၁၃)ဖွဲ့ဖြင့် ဖွဲ့စည်းထားပါသည်။ WLB ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံသည် အမျိုးသမီးများ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် အရည်အချင်း ပြည့်ဝစေရေးတို့အတွက် သာမက အရည်အချင်း မြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုစုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်ပါသည်။

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) https://nd-burma.org**

မြန်မာနိုင်ငံ လူ့အခွင့်အရေး အဖွဲ့များ လူ့အခွင့်အရေး မှတ်တမ်းပြု ခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေး အတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄) ခုနှစ်တွင် လူ့အခွင့်အရေး မှတ်တမ်း ကွန်ရက် ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကွန်ရက် အဖွဲ့ဝင်တို့သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံ အကြောင်း အဖြစ်မှန် အမှန်တရားကို မှတ်တမ်းတင်ကာ စည်းရုံးတိုက်တွန်းတင်ပြခြင်းနှင့် နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်ယူ၊တာဝန်ခံမှုရှိစေမည့် လုပ်ငန်းစဉ်များ အတွက် လည်း ကြိုတင်ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်သည် ကွင်းဆင်းအချက်အလက် စုဆောင်းရေးလုပ်ငန်းများအတွက် သင်တန်းများပေးခြင်း၊ ရရှိလာသည့် သတင်းအချက်အလက်များအား သိုမှီးထိန်းသိမ်း ခွဲခြမ်းစိတ်ဖြာသည့် အချက်အလက်စီမံခန့်ခွဲမှုများပြုလုပ်သည်ပြီး လူ့အခွင့်အရေးအတွက် စည်းရုံးတိုက်တွန်းမှုများကိုလည်း ဆောင်ရွက်နေသည်။

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)** www.aappb.org

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)သည် သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် စတင်တည်ထောင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် စတင် အခြေပြုသည့် အစိုးရမဟုတ်သော လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ပြန်လည်အခြေချပြီး မြန်မာနိုင်ငံရှိ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် အတွက်နှင့် ထိုနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာပြီးနောက် သူတို့၏ဘဝများ ပိုမို ကောင်းမွန် လာစေရန် စည်းရုံးလှုံ့ဆော်လျက်ရှိပါသည်။ နိုင်ငံရေးအကျဉ်းသားများ/ဟောင်းများနှင့် ၎င်းတို့၏ မိသားစု ဝင်များအား ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာများကိုလည်း ထောက်ပံ့ကူညီပေးလျှက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံတို့၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ပြည့်စွာ ရရှိနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်လျှက်ရှိပါသည်။

**ဝိမုတ္တိအမျိုးသမီးအဖွဲ့အစည်း (VWO)**

ဝိမုတ္တိအမျိုးသမီးအဖွဲ့အစည်းကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဝိမုတ္တိဟူသည်မှာ ပါဠိစကားလုံး ဖြစ်ပြီး လွတ်မြောက်မှုဟု အဓိပ္ပါယ်ရသည်။ ဝိမုတ္တိကို စေတနာ့ဝန်ထမ်း အမျိုးသမီးများဖြင့် ဖွဲ့စည်းထား သည်။ ဝိမုတ္တိသည် လူမှုရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးလျှက်ရှိပြီး ဆင်းရဲနွမ်းပါးသော မိသားစုများရှိ ကလေးများအတွက် ပညာရေးအထောက်အပံ့ကိုလည်း စီစဉ်ဆောင်ရွက်

ပေးလျှက်ရှိသည်။ ထို့အပြင် အကာအကွယ်မဲ့သူများအတွက် သုတေသနပြုလုပ်ခြင်း၊ ကွန်ရက် ချိတ်ဆက်ခြင်း၊ ၎င်းတို့၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာရာမှတဆင့် သင့်တင့်ကောင်းမွန်သည့် လူမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် တိုက်ရိုက်ချိတ်ဆက်လျက်ရှိသည့်အပြင် အမျိုးသမီး နိုင်ငံရေး အကျဉ်းသားဟောင်းများအတွက် စိတ်ဓာတ်မြှင့်တင်ရေး အထူးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက် လျက်ရှိသည်။

**အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR)-** www.asia-ajar.org

အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အခြေစိုက်သော ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ဖြစ်သည်။ AJAR သည် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဒေသတွင်းနှင့် နိုင်ငံလုံးဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်၊ အာရှ-ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှု အမြောက်အများ၏ မူလအကြောင်းခံအရင်းအမြစ်များမှ သင်ခန်းစာယူရန် ဆန္ဒရှိရေး၊ တာဝန်ယူမှုတာဝန်ခံမှု ရှိရေးနှင့် တရားမျှတမှုရရှိရေးတို့ကိုအခြေခံ၍ ယဉ်ကျေးသော လူမှုဘဝတည်ဆောက်နိုင်စေရန်အတွက် ဖြည့်ဆည်းပံ့ပိုးပေးရန် ဆောင်ရွက်လျက်ရှိသည်။